ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၈ ၊ အမှတ် ၃ ၂၀၂၂ ခုနှစ် ၊ ဇူလိုင်လ ၁ ရက်

## (၃၁) ကြိမ်မြောက် အာဆီယံအကောက်ခွန်ညွှန်ကြားရေးမှူးချုပ်များ အစည်းအဝေး

## (31st Meeting of the ASEAN Directors–General of Customs)










(၃၁) ကြိမ်မြောက် အာဆီယံအကောက်ခွန် ညွှန်ကြားရေးမှူးချုပ်များ အစည်းအဝေး (31st Meeting of the ASEAN Directors–General of Customs) အား ၂၀၂၂ ခုနှစ် ဇွန်လ ၇ ရက်နေ့မှ ၉ ရက်နေ့အထိ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား Hybrid Format ဖြင့် ကျင်းပခဲ့ပါသည်။

အစည်းအဝေးတွင် စင်္ကာပူနိုင်ငံ အကောက်ခွန်ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် Mr. Ho Chee Pong က သဘာပတိ (Incoming Chair) အဖြစ်ဆောင်ရွက်ခဲ့ပြီး Outgoing Chair ဖြစ်သူ ဖိလစ်ပိုင်နိုင်ငံ၊ အကောက်ခွန်ဦးစီးဌာန၏ ကော်မရှင်နာ Mr. Rey Leonardo B. Guerrero က အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

အစည်းအဝေး ပထမနေ့ ၇-၆-၂၀၂၂ တွင် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် အကောက်ခွန်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား အကောက်ခွန်ဆိုင်ရာ ညှိနှိုင်းရေးကော်မတီ (CCC)၊ အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးလုပ်ငန်းအဖွဲ့(CPTFWG)၊ အကောက်ခွန်ဥပဒေစိုးမိုးရေးနှင့် လိုက်နာဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့(CECWG)၊ အကောက်ခွန် စွမ်းဆောင်ရည်ပျိုးထောင်တည်ဆောက်ရေးလုပ်ငန်းအဖွဲ့ (CCBWG)၊ အာဆီယံပြတင်းတစ်ပေါက် စနစ်ဆိုင်ရာဦးဆောင်ကော်မတီ (ASWSC) များ၏ ၂၀၂၁-၂၀၂၂ အစီရင်ခံစာများ၊ တိုးတက်မှု အခြေအနေများကို သက်ဆိုင်ရာလုပ်ငန်းအဖွဲ့ခေါင်းဆောင်များမှ အသီးသီးတင်ပြခြင်း၊ အာဆီယံစီးပွားရေးဆိုင်ရာ အစည်းအဝေးများ၏ ကောက်နုတ်ချက်များအားတင်ပြခြင်းနှင့် ၂၀၂၂ ခုနှစ်၊ ဇူလိုင်လမှ ၂၀၂၃ ခုနှစ်၊ ဇွန်လအတွင်း ကျင်းပမည့် အာဆီယံ အကောက်ခွန်ဆိုင်ရာအစည်းအဝေးများ၏ နေရာနှင့် နေ့ရက်များကို အတည်ပြုခြင်း၊ AHTN 2022 (အာဆီယံစည်းဝါးညီအကောက်ခွန်နှုန်း အမည်ပေးစနစ်)၊ AAMRA (အာဆီယံနိုင်ငံအချင်းချင်း အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူ အပြန်အလှန် အသိအမှတ်ပြုရေးဆိုင်ရာအစီအစဉ်)၊ AEO MRA (အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူဆိုင်ရာ အပြန်အလှန်အသိအမှတ်ပြုမှု အစီအစဉ်) ၊ ACTS (အာဆီယံ အကောက်ခွန် ဖြတ်သန်းသယ်ဆောင်ခြင်း)ဆိုင်ရာကိစ္စရပ်များနှင့် အခြားအကောက်ခွန်ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ပါသည်။

အစည်းအဝေး ဒုတိယနေ့ ၈-၆-၂၀၂၂ တွင် ဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် ဩစတြေးလျ နယ်စပ်တပ်ဖွဲ့(ABF)၊တရုတ်အကောက်ခွန်၊ဂျပန်အကောက်ခွန်၊ကိုရီးယားအကောက်ခွန်၊ ကမ္ဘာ့အကောက်ခွန်အဖွဲ့ (WCO)၊ ပုဂ္ဂလိကကဏ္ဍများဖြစ်သည့် ASEAN-BAC ၊ EU-ABC ၊ US-ABC တို့နှင့် ကုန်သွယ်မှုနှင့် အကောက်ခွန်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများ၊ နိုင်ငံတကာ အကောက်ခွန်ဆိုင်ရာကိစ္စရပ်များ၊ RCEP (ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု) အကောင်အထည်ဖော်မှု၊ AEO (အခွင့်ရ စီးပွားရေးလုပ်ငန်းဆောင်ရွက်သူ) ဆိုင်ရာပူးပေါင်းဆောင်ရွက်မှု၊ e-commerce အကောင်အထည်ဖော်မှု ဆိုင်ရာကိစ္စရပ်များ၊ အာဆီယံနှင့်ပူးပေါင်းဆောင်ရွက်မှုများ၊ နည်းပညာအကူအညီ ပေးရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမြင်ဖလှယ်ဆွေးနွေးခဲ့ကြပါသည်။

အစည်းအဝေး တတိယနေ့ ၉-၆-၂၀၂၂ တွင် (၃၁) ကြိမ်မြောက် အာဆီယံ အကောက်ခွန် ညွှန်ကြားရေးမှူးချုပ်များအစည်းအဝေးတွင် ထုတ်ပြန်မည့် ပူးတွဲသတင်း ထုတ်ပြန်ကြေညာချက်ကို ဆွေးနွေး၍ အတည်ပြုခဲ့ကြပြီးနောက် အိမ်ရှင်အဖြစ် ဆောင်ရွက်သော စင်္ကာပူနိုင်ငံနှင့် နည်းပညာပိုင်းဆိုင်ရာနှင့် အတွင်းရေးမှူးရုံးဆိုင်ရာကိစ္စရပ်များ ပံ့ပိုးပေးသော အာဆီယံအတွင်းရေးမှူးချုပ်ရုံး တို့အား ကျေးဇူးတင်စကား ပြောကြားခဲ့ကြပါသည်။

# အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ ဦးဆောင်၍ နယ်စပ်ကုန်သွယ်ရေး စခန်းများ၊ အမြဲတမ်းစစ်ဆေးရေးစခန်းများ၊ ရန်ကုန်မြို့ရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်းများ နှင့် Dry Port တို့အား သွားရောက် စစ်ဆေးခဲ့ခြင်း



တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ လမ်းညွှန်မှုဖြင့် အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ ဦးဆောင်၍ စစ်ဆေးရေးအဖွဲ့(၁) သည် (၁၈-၅-၂၀၂၂) ရက်နေ့မှ (၁၄-၆-၂၀၂၂) ရက်နေ့အထိ မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်း၊ တံတားကျိုး(လှိုင်ဝ) အမြဲတမ်းစစ်ဆေးရေး စခန်း၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၊ စစ်တွေ နယ်စပ်ကုန်သွယ်ရေးစခန်း၊ မောင်တောနယ်စပ်

ကုန်သွယ်ရေးစခန်း (ကညင်ချောင်း)၊ ထားဝယ်၊ ကော့သောင်းနယ်စပ် ကုန်သွယ်ရေးစခန်း၊ မြိတ်နယ်စပ် ကုန်သွယ်ရေးစခန်း၊ ရန်ကုန်မြို့ရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်းများနှင့် Dry Port တို့အား သွားရောက်စစ်ဆေးခဲ့ပြီး အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေသည် ၁၈-၅-၂၀၂၂ ရက်နေ့မှ ၁-၆-၂၀၂၂ ရက်နေ့ထိ ကရင်ပြည်နယ်၊ ဘားအံနှင့် မြဝတီမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံး၊ ကော့ကရိတ်အကောက်ခွန် ကင်းစခန်း၊ မွန်ပြည်နယ်နှင့် မော်လမြိုင် အကောက်ခွန်ဦးစီးဌာနမှူးရုံး၊ရခိုင်ပြည်နယ်၊စစ်တွေနှင့်မောင်တောမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံး၊တနင်္သာရီတိုင်းဒေသကြီး၊ထားဝယ်၊ မြိတ်နှင့်ကော့သောင်းမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးများအား သွားရောက် စစ်ဆေးခဲ့ပြီး ဝန်ထမ်းများ နှင့် တွေ့ဆုံ၍ တာဝန်ထမ်းဆောင်မှု၊ ရုံးလုပ်ငန်းဆိုင်ရာများ၊ လုံခြုံရေးနှင့် ကျန်းမာရေးဆိုင်ရာများ အား စစ်ဆေး လမ်းညွှန်မှာကြားခဲ့ပါသည်။










# မြန်မာ-ဂျပန်နှစ်ဘက်တာဝန်ရှိပုဂ္ဂိုလ်များမှ သုံးသပ်ညှိနှိုင်းဆွေးနွေးမှုများအား ပြုလုပ်သည့် Phase II ကာလ၏ 2nd Joint Coordinating Committee (JCC) Meeting ကျင်းပခြင်း

အကောက်ခွန်ဦးစီးဌာနတွင် MACCS စနစ် အသုံးပြုဆောင်ရွက်နေမှု အခြေအနေများ၊ အကောက်ခွန်ဦးစီးဌာန၏ Customs Reform & Modernization ခေါင်းစဉ်အောက်ရှိ အခြား Technical Assistant (TA) ဆိုင်ရာကိစ္စရပ်များ အပေါ် မြန်မာ-ဂျပန်နှစ်ဘက်တာဝန်ရှိပုဂ္ဂိုလ်များမှ သုံးသပ်ညှိနှိုင်း ဆွေးနွေးမှုများအား ပြုလုပ်သည့် Phase II ကာလ၏ 2nd Joint Coordinating Committee (JCC) Meeting ကို (၁၅-၆-၂၀၂၂) ရက်နေ့၊ နံနက် (၁၀:၀၀) နာရီအချိန်တွင် အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) ဇေယျာသီဟခန်းမ၌ Video Conferencing ဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။



အစည်းအဝေးတွင် အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ ဦးဆောင်၍ JICA မှ ကိုယ်စားလှယ်များ၊ ဂျပန်နိုင်ငံအကောက်ခွန်မှ တာဝန်ရှိသူများ၊ JICA Long Term/ Short Term Expert အဖွဲ့ဝင်များနှင့် မြန်မာအကောက်ခွန်မှ တာဝန်ရှိအရာထမ်းများအားလုံး တက်ရောက် ဆွေးနွေးခဲ့ကြပါသည်။ Phase II ကာလ၏ ဒုတိယအကြိမ်မြောက် JCC Meeting တွင် MACCS ဌာနခွဲမှ Output 1 ပိုင်းဆိုင်ရာကိစ္စ

ရပ်များနှင့် မူဝါဒဌာနခွဲမှ Output 2 ပိုင်းဆိုင်ရာကိစ္စရပ်များ နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပါသည်။ Customs Reform and Modernization အတွက် National Single Window ဆိုင်ရာလုပ်ငန်းစဉ်များ၊ Risk Management ပိုင်းဆိုင်ရာလုပ်ငန်းစဉ်များ၊ E-commerce လုပ်ငန်းစဉ်များနှင့် Advance Ruling (Rule of Origin) နှင့် AEO (Authorized Economic Operator) ဆောင်ရွက်မှုများတွင်လည်း ဂျပန်ကျွမ်းကျင် ပညာရှင်များမှ နည်းပညာအကူအညီနှင့် အကြံပြုချက်များ ပေး၍ အတူတကွ ပူးပေါင်းဆောင်ရွက် သွားရမည့်ကိစ္စများကိုလည်း ဆွေးနွေးခဲ့ကြပါသည်။ ထို့နောက် Phase II ကာလအား ဆက်လက်သက်တမ်းတိုးခြင်း သို့မဟုတ် Phase III ကာလအဖြစ် ဆောင်ရွက်ခြင်းများ ပြုလုပ်နိုင်ရေးကိုလည်း ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။ အစည်းအဝေးတွင် မြန်မာအကောက်ခွန်ဘက်မှ တောင်းဆိုမှုများကိုလည်း ဂျပန်ဘက်မှ ဆက်လက်ပံ့ပိုးပေးမည်ဖြစ်ကြောင်းနှင့် မြန်မာ-ဂျပန်နှစ်ဘက် အပြန်အလှန် အားကြိုးမာန်တက် တက်တက်ကြွကြွဖြင့် ရှင်းလင်းဆွေးနွေးမှုများအား ဆောင်ရွက်ခဲ့ပြီးနောက် အစည်းအဝေးအား နေ့လည် (၁၂:၃၀) အချိန်တွင် ရုတ်သိမ်းခဲ့ပါသည်။



# အလုပ်သင် ဒုတိယအကောက်ခွန်မှူး
# သင်တန်းအမှတ်စဉ် (၁/၂၀၂၂) သင်တန်းဆင်းပွဲအခမ်းအနား





စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ လေ့ကျင့်ရေးဌာနစု၊ အကောက်ခွန်သင်တန်းကျောင်း၏ (၃-၆-၂၀၂၂)ရက်နေ့တွင်ကျင်းပပြုလုပ်ခဲ့သည့် အလုပ်သင်ဒုတိယအကောက်ခွန်မှူးသင်တန်းအမှတ်စဉ် (၁/၂၀၂၂)သင်တန်းဆင်းပွဲအား စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ညွှန်ကြားရေးမှူး ဦးကိုကိုနိုင်မှ ဦးဆောင်၍ ကျင်းပပြုလုပ်ခဲ့ပြီး သင်တန်းသားဦးရေ (၆၄) ဦး တက်ရောက်ခဲ့ပါသည်။





# အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၂ ခုနှစ်၊ ဇွန်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၂၀၅၈.၄၃၅) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်း၊ အထူးကင်း၊ ရန်ကုန်စာတိုက် နှင့် အကောက်ခွန်နယ်မြေဒေသအသီးသီးတို့တွင် တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေတားဆီးအရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန်လ (၁) ရက်နေ့ မှ (၃၀) ရက်နေ့ အထိ စုစုပေါင်း တားဆီး/ဖမ်းဆီးမှုမှာ (၁၈၀) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာကျပ် (၂၀၅၈.၄၃၅) သန်းဖြစ်ပါသည်။

## ရန်ကုန် တားဆီး/ ဖမ်းဆီးမှု





(၁၇.၆.၂၀၂၂) ရက်နေ့တွင် တရုတ်နိုင်ငံမှ MIP ဆိပ်ကမ်းသို့ တင်သွင်းလာသော Item (1) 100% Poly Knitting Solid Fabric – 1707.4 Kg၊ Item (2) 100% Rayon Print Fabric – 12905 Kg နှင့် Item (3) 100% Rayon Knitting Solid Fabric– 3924 Kg (C/O–China) မှာ သွင်းကုန်လိုင်စင်လိုအပ်သော်လည်း သွင်းကုန်လိုင်စင်တင်ပြနိုင်ခြင်းမရှိသည့်အတွက် ခန့်မှန်းတန်ဖိုးကျပ် (၁၇,၈၆၆,၀၀၀/–) အား တွေ့ရှိခဲ့သဖြင့် အကောက်ခွန်လုပ်ထုံးလုပ်နည်းအရ အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၂ ခုနှစ် ၊ ဇွန်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၂၀၅၈.၄၃၅) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ရန်ကုန် တားဆီး/ ဖမ်းဆီးမှု







(၂၀-၆-၂၀၂၂) ရက်နေ့တွင် တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ MAI လေကြောင်းအမှတ်8M-771၊ AWB No. 599-01057501 ဖြင့် CMP ကုန်ပစ္စည်း (1704 kg) တင်သွင်းလာခဲ့ပါသည်။ အဆိုပါ ကုန်ပစ္စည်းများလာရောက်ရှင်းလင်းထုတ်ယူခဲ့ရာတွင် Import Declaration, Invoice, Packing List တို့တွင် ကြေငြာထားခြင်းမရှိသော Fetal Bovine Serum Prime (500ml) (Ex Cell Bio) (20Pcs) (1 pkgs) ခန့်မှန်းတန်ဖိုး (၇,၅၀၀,၀၀၀/-) အား တွေ့ရှိရသဖြင့် အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ တားဆီးခဲ့သောအမှု ဖြစ်ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၂ ခုနှစ် ၊ ဇွန်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၂၀၅၈.၄၃၅) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## နယ်မြေများတွင် တားဆီး/ဖမ်းဆီးခြင်း






(၉-၆-၂၀၂၂) ရက်နေ့ ၁၄:၃၀ အချိန်မှ ၁၈:၀၀ အချိန်အထိ တနင်္သာရီတိုင်းဒေသကြီး၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ဥက္ကဋ္ဌလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သိန်းလင်း၏ လမ်းညွှန်မှုအရ သတင်းရဲတပ်ဖွဲ့ တနင်္သာရီတိုင်းဒေသကြီး တပ်ဖွဲ့ခွဲမှူး ဒုရဲမှူးကြီးအောင်သူရ၊ ရဲမှူး ထွန်းထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ ရေကြောင်းရဲတပ်ဖွဲ့ ထားဝယ်တပ်ဖွဲ့ခွဲမှူး ဒုရဲမှူးကြီးအောင်ကျော်ဦးနှင့် ရေကြောင်းရဲတပ်ဖွဲ့ဝင်များ၊ ခေတ္တခရိုင် ရဲတပ်ဖွဲ့မှူး ရဲမှူး အေးကျော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကျော်စိုးနှင့် တပ်ဖွဲ့ဝင်များ၊ ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးတင်ထွဋ်နှင့် ဝန်ထမ်းများ၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ကော့သောင်းရှေ့တန်းရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မင်းဇော် နှင့် အကောက်ခွန်ဦးစီးဌာနမှ အကောက်ခွန်မှူး ဦးအောင်စိုးဦး နှင့် ဝန်ထမ်းများတို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကော့သောင်းမြို့၊ သီရိမြိုင်ရပ်ကွက်ရှိ ဒေါ်ရွှေဝါ ပိုင်ဆိုင်သည့် လိုင်စင်ရ BIG အမည်ရှိ စက်သုံးဆီအရောင်းဆိုင်နှင့်တွဲလျက် ခြံဝင်းအတွင်းရှိ ဂိုဒေါင်များအတွင်း၌ စစ်ဆေးခဲ့ရာတွင် ထိုင်းနိုင်ငံမှ တရားမဝင်တင်သွင်းထားရှိသော Brand SCG ဖြစ်သော ဆင်တံဆိပ် ဘိလပ်မြေ (၂၁၄)အိတ်၊ ကျားတံဆိပ် ဘိလပ်မြေ(၁၅၄)အိတ်နှင့် Brand Insee ဖြစ်သည့် ငှက်တံဆိပ် ဘိလပ်မြေ(၄၉)အိတ် စုစုပေါင်း(၄၁၇)အိတ် ခန့်မှန်းတန်ဖိုးကျပ် (၂၉၁၉၀၀၀/-) အား တွေ့ရှိခဲ့သဖြင့် အမှုတွဲဖွင့်လှစ်အရေးယူခဲ့သော အမှုဖြစ်ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၂ ခုနှစ် ၊ ဇွန်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၂၀၅၈.၄၃၅) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## နယ်မြေများတွင် တားဆီး/ဖမ်းဆီးခြင်း





(၁၂-၆-၂၀၂၂) ရက်နေ့ (၀၈:၂၀) နာရီချိန်ခန့်တွင် (၁၆)မိုင် ကျောက်ချောစစ်ဆေးရေးစခန်း တာဝန်ကျ ကွပ်ကဲရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဇေယျာဝင်း ကြီးကြပ်ဦးစီးမှုဖြင့် ရန်ကုန်မှ ပြင်ဦးလွင်သို့ ယာဉ်မောင်း ဦးကျော်ဇင်ထွန်း မောင်းနှင်လာသော အာကာသခရီးသည်တင် မှန်လုံ ယာဉ်လိုင်းမှ YUTONG Bus အမျိုးအစား၊ ယာဉ်အမှတ်- 9P/9113 အား အတက်ယာဉ် စစ်ဆေးရေး တာဝန်ကျ ကပ-၃၁၀၆၊ အကောက်ခွန်မှူး ဦးစောမြင့်ဆွေနှင့်ဦးစီးအဖွဲ့၊ သစ်တောအဖွဲ့ နှင့် စစ်ဆေးရေး စခန်းတာဝန်ကျပူးပေါင်းအဖွဲ့တို့မှ စစ်ဆေးရာ ယာဉ်ပေါ်တွင် တရားဝင် စာရွက်စာတမ်းအထောက် အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် ပျဉ်းကတိုးပါကေး(၁၁၉၂၆) ချောင်း၊ (၂.၃၅၉၆) တန်၊ ခန့်မှန်းတန်ဖိုးကျပ် (၁,၈၈၇,၆၈၀/-) နှင့် သယ်ယူယာဉ် ခန့်မှန်းတန်ဖိုး ကျပ် (၃၅,၀၀၀,၀၀၀/-) တို့အား ရှာဖွေတွေ့ရှိ ဖမ်းဆီးတားဆီးခဲ့ပြီး သစ်တောဦးစီးဌာနသို့ ဆက်လက်ဆောင်ရွက်နိုင်ရန် လွှဲပြောင်းခဲ့ ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၂ ခုနှစ် ၊ ဇွန်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၂၀၅၈.၄၃၅) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

**ထူးခြားဖမ်းဆီးမှု**







(၂၅-၆-၂၀၂၂) ရက်နေ့ (၁၁:၀၀) နာရီ အချိန်ခန့်တွင် မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင် လာသော ခရီးသည်တင်မှန်လုံယာဉ်အား မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း တာဝန်ကျ ပူးပေါင်းအဖွဲ့မှ တားဆီး စစ်ဆေးရာ ယာဉ်ပေါ်တွင် ခရီးသည်ဝန်စည်များနှင့်အတူ ရောနှောတင်ဆောင်လာသည့် တရားဝင်စာရွက်စာတမ်း တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသော Item (1) Brand New Car Cabin Filter, Brand- Hengst, C/O- China, (15) U၊ Item (2) Brand New Car Shock Absorber (Rear), Brand- Hengst, C/O- Germany, (50) U၊ Item (3) Brand New Car Shock Absorber (Front), Brand- Hengst, C/O- Germany, (25) U စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၃,၄၄၂,၅၀၀/-) အား အမှုတွဲဖွင့်လှစ်အရေးယူခဲ့သော အမှုဖြစ်ပါသည်။



# အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၂ ခုနှစ် ၊ ဇွန်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၂၀၅၈.၄၃၅) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ထူးခြားဖမ်းဆီးမှု




(၁၆-၆-၂၀၂၂) ရက်နေ့ (၁၄:၃၀) အချိန်ခန့်တွင် မြဝတီမြို့မှ မော်လမြိုင်မြို့ မောင်းနှင်လာသော PROBOX အငှားယာဉ်အား (၁၆:၃၀) အချိန်ခန့်တွင် ကော့ကရိတ် (တံတားကျိုး) စုပေါင်း စစ်ဆေးရေးစခန်း၌ဝင်ရောက် အစစ်ဆေးခံရာ ယာဉ်ပေါ်တွင် Duty ပေးဆောင်ထားခြင်းမရှိသော BRAND NEW MOBILE PHONE HANDSET Redmi 9A (15) U၊ Redmi 10A (2) U ၊ Redmi 10C (5)U၊ UVIVO Y15 S (13) U စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၃,၄၃၀,၀၀၀/-) အား တွေ့ရှိရသဖြင့် အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ တားဆီးခဲ့သောအမှု ဖြစ်ပါသည်။







